ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုအစိုးရအဖွဲ့

**အမိန့်ကြော်ငြာစာအမှတ်၊ ၂၂ /၂၀၁၆**

၁၃၇၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

(၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်)

**စက်ပစ္စည်းကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည်ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများရှိ မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်နှင့်လေယာဉ်အပါအဝင် စက်ပစ္စည်းများ၏ စာရင်းကို စုစည်း၍ စက်ပစ္စည်းအင်အားကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် မူဝါဒနှင့်လမ်းညွှန်မှုများ ချမှတ်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး၊စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်<br>ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဒုတိယစစ်ထောက်ချုပ် အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)
ကာကွယ်ရေးဝန်ကြီးဌာန

(ဌ) အင်ဂျင်နီယာချုပ်(စက်မှု) အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဍ) အင်ဂျင်နီယာချုပ်(စက်မှု) အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုဝန်ကြီးဌာန၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စာရင်းကောက်ယူ၍ စနစ်တကျစာရင်းအင်းများရေးဆွဲခြင်း၊

(ခ) ယာဉ်နှင့်ယန္တရားအပါအဝင်စက်ပစ္စည်းများကို စနစ်တကျအသုံးချမှုနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့်လိုအပ်သောညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဂ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ အသုံးမလို ပိုလျှံသောစက်ပစ္စည်း(သို့မဟုတ်) လက်ငင်းသုံးစွဲခြင်းမပြုသောစက်ပစ္စည်းများကို အသုံးလိုသည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများသို့ထုတ်ပေးခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ဃ) ပုဂ္ဂလိကအသင်း၊အဖွဲ့အစည်းများသို့ စက်ပစ္စည်းများ ထုတ်ပေးငှားရမ်းခြင်းအတွက် သင့်လျော်သော ငှားရမ်းခနှုန်းထားသတ်မှတ်ပေးခြင်း၊

(င) အလုံအလောက်မရှိသော စက်ပစ္စည်းများ ခွဲဝေသုံးစွဲရာတွင် လုပ်ငန်းပမာဏအလိုက်အရေးကြီးခြင်း၊ အလျင်လိုခြင်းကို ထည့်သွင်းစဉ်းစား၍ ဦးစားပေးအစီအစဉ် ချမှတ်ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီး၌ ထိန်းသိမ်းထားသောစက်ပစ္စည်းများ ပြင်ဆင်မှုစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သောညွှန်ကြားမှုများ ထုတ်ပြန်ခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ရုံးသုံးပရိဘောဂအပါအဝင် စက်ပစ္စည်းဝယ်ယူခြင်း၊ရယူခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောထောက်ခံချက်၊ လမ်းညွှန်မှုများနှင့် အကြံဉာဏ်များပေးခြင်း၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီးမှ စက်ပစ္စည်းများကို လိုအပ်ပါက အခြားပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ဈ) ပြည်ထောင်စုဝန်ကြီးဌာန၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီးက စက်ပစ္စည်းများကို ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေဝယ်ယူရာတွင် စက်ပစ္စည်းအမျိုးအစား၊ စံချိန်စံညွှန်းနှင့်ညီညွတ်စေရန်ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လိုအပ်ပါက ဝယ်ယူပေးခြင်း၊

(ည) ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီး၏ ကုန်သွယ်မှုလုပ်ငန်းအတွက် ဝယ်ယူမည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ပြည်ထောင်စုဝန်ကြီးဌာန၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းအသီးသီးရှိ စက်ပစ္စည်းများကို စစ်ဆေး၍ တန်ဖိုးသတ်မှတ်ပေးခြင်း၊

(ဌ) စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် ယင်း၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာ၌ လုပ်ငန်းအလျောက်လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များကို ဖိတ်ကြား၍ ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း။

၄။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီသည် မိမိလုပ်ငန်းတာဝန်ကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအစည်းအဝေးများကို လိုအပ်သလို ကျင်းပနိုင်သည်။

၅။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ရုံးလုပ်ငန်းများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာနမှတာဝန်ယူဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၂၄၇ /၁၆၅-အဖရ(စက်ပစ္စည်း)/(၂၀၁၆)
ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်။